ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ (12-9-2010) (၆၅၁၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မိမိတို့အနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အပြည့်အဝ နားလည်ပြီး အစဉ်အမြဲ အခိုင်အမာ ထောက်ခံဆက်လက်၍လည်း ထောက်ခံသွားမည်ဖြစ်၍ မြန်မာနိုင်ငံအတွက် ပြောင်းလဲမှုမရှိသော ရပ်တည်ချက်လည်းဖြစ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကို နားလည်ထောက်ခံ တရုတ်အစိုးရအနေဖြင့်လည်း နည်းပညာနှင့် ငွေကြေးပိုင်းတွင်ပါ အကူအညီများပေးအပ်သွားမည်ဖြစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း

နေပြည်တော်　　　　စက်တင်ဘာ　　　　၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့သည် စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမ၌ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ကြေးမုံ The Mirror
၁၂-၉-၂၀၁၀
(တနင်္ဂနွေနေ့)

မိုးနှောင်း မိုးရေ စုဆောင်းသိုလှောင် သီးထပ်သီးနှံများ အချိန်မီ စိုက်ပျိုး

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားအများဆုံး ပါဝင်နေသည်။ စပါးအပါအဝင် သီးနှံစုံ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပဈေးကွက်သို့ ပို့မိုတင်ပို့နိုင်မည်ဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးစေရန် စိုက်ပျိုးရေရရှိရေး အပါအဝင် အရည်အသွေးကောင်း အထွက်နှုန်းတိုး စပါးမျိုးများ တိုး၍ ဖြန့်ဝေပေးနေသည်။ လယ်ယာသုံး စက်ကိရိယာများနှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများ ပေါင်းစပ်လုပ်ကိုင်နိုင်ရေး အားပေးကူညီနေသည်။ စိုက်နည်းစနစ် မှန်ကန်ရေး၊ သီးနှံလေလွင့် ပျက်စီးဆုံးရှုံးမှု နည်းပါးစေရေး အသိပညာပေး ပံ့ပိုးနေသည်။

တောင်သူလယ်သမားများအနေဖြင့် မိုးစပါးများ လျာထားချက်နှင့်အညီ အပြည့်အဝစိုက်ပျိုးနိုင်ရေး ဦးတည်ကြိုးပမ်းလျက်ရှိသည်။ စပါးအများဆုံး စိုက်ပျိုးသည့် တိုင်းဒေသကြီးများတွင် မိုးစပါးထွန်တုံးပိတ် စိုက်ပျိုးနိုင်ခဲ့ကြပြီ။ တစ်ဧကအထွက်နှုန်းတိုးရေး၊ စပါးခင်းများ သီးနှံဖျက် ပိုးမွှားရောဂါကင်းရေး၊ ရာသီဥတုပြောင်းလဲမှု အခြေအနေများနှင့်အညီ အောင်မြင်စွာ စိုက်ပျိုးထွက်ရှိရေး ဆက်လက်ကြိုးပမ်းကြရပေဦးမည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက စက်တင်ဘာလပတ်အတွက် မိုးလေဝသခန့်မှန်းချက် ထုတ်ပြန်ထားသည်။ အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာပထမ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ တတိယ ၁၀ ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများနှင့် လကုန်ပိုင်းတွင် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိကြောင်းသိရသည်။

ယင်းမိုးလေဝသအခြေအနေများနှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင် လုပ်ဆောင်သင့်သည်များကို လုပ်ကိုင်သွားကြရပေမည်။ သီးနှံစိုက်ခင်းများ အောင်ရေရရှိရေးအတွက် မိုးနှောင်းပိုင်း ရွာသွန်းသော မိုးရေများကို ရနိုင်သမျှ စုဆောင်းထားကြရမည်ဖြစ်သည်။ မိုးရေစုဆောင်းနိုင်ရန် လယ်ကန်သင်းများ မြှင့်တင်ခြင်း၊ ကန်ငယ်များပြုလုပ်ခြင်း၊ ချောင်း၊ မြောင်းများ ယာယီပိတ်၍ ရေသိုလှောင်ခြင်းများ ပြုလုပ်ထားကြရန် လိုအပ်သည်။

သီးနှံများ ပိုမိုထွက်ရှိရေးအတွက် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သင့်တင့်မျှတသည့် မိုးရေများ ရရှိနေရမည်ဖြစ်သည်။ မိုးရွာသွန်းမှု နည်းသည့်အခါ သီးနှံစိုက်ခင်းများသို့ စုဆောင်းရရှိထားသော ရေများသွင်းရေး၊ လိုအပ်ပါက ရေတင်စက်များဖြင့် ရေပေးသွင်းနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရပေမည်။ စပါးများ စိုက်ပျိုးရိတ်သိမ်းအပြီး သီးထပ်သီးနှံများကို မြေအစိုဓာတ်ရှိချိန်တွင် အချိန်မီ စိုက်ပျိုးခြင်း၊ သီးနှံဖျက်ပိုးများ အချိန်မီ ကာကွယ်နှိမ်နင်းခြင်း၊ သက်ဆိုင်ရာ စိုက်ပျိုးရေး ညှိနှိုင်းမှု ကော်မတီများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

မောင်တောမြို့ နယ်စပ်ကုန်သည်များအသင်း ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေး ကျင်းပ

မောင်တော စက်တင်ဘာ ၁၁

မောင်တောမြို့ နယ်စပ်ကုန်သည်များအသင်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဩဂုတ် ၂၆ ရက်က ဒေဝါနဒီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ကုန်သွယ်မှုစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက သဘာဝဘေးအန္တရာယ်ဖြစ်ခြင်းကြောင့် အခိုက်အတန့် ကုန်စည်စီးဆင်းမှု အားနည်းမှုများ ပုံမှန်လည်ပတ်နိုင်ရေး၊ ကုန်သွယ်မှု မြှင့်တင်နိုင်ရေးတို့အတွက် ဆွေးနွေးတင်ပြပြီး OSS အကောက်ခွန်ဦးစီးဌာနမှ ဒု-အကောက်ခွန်မှူး ဦးနေဝင်းက အခွန်ကောက်ခံစည်းကြပ်မှုနှင့် ပတ်သက်၍ ဝယ်ယူဖြန့်ဖြူးမှုကိုလည်းကောင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေက ငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြီး နယ်စပ်ဒေသလူဝင်မှု စစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်မှ ကွပ်ကဲရေးမှူးက အမှာစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

(ကုန်သည်/စက်မှု)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အစ္စရေးနိုင်ငံတွင် ဒီပလိုမာသင်တန်းတက်ရောက်ကြမည့် သင်တန်းသားများအား ဝန်ကြီး ဦးဌေးဦး တွေ့ဆုံမှာကြား

နေပြည်တော် စက်တင်ဘာ ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် စက်တင်ဘာ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ အစ္စရေးနိုင်ငံ Granot Agrostudies မှ ဖွင့်လှစ်သော ဒီပလိုမာသင်တန်းသို့ စာတွေ့လက်တွေ့ ၁၀ လကြာ သင်တန်းတက်ရောက်ရန် သွားရောက်ကြမည့် ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံများမှ ထူးချွန်သူ သင်တန်းသား ၄၆ ဦးတို့အား တွေ့ဆုံ အမှာစကားပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် သင်တန်း၌ ထူးချွန်ထက်မြက်အောင် ကြိုးစားကြရန်နှင့် အကျိုးရှိသည့် လုပ်ငန်းအတွေ့အကြုံများကို မှတ်သားရယူပြီး မိမိနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်နှင့် နိုင်ငံ့ဂုဏ်ကို ထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး အစ္စရေးနိုင်ငံတွင် ဒီပလိုမာသင်တန်း တက်ရောက်ကြမည့် သင်တန်းသားများအား တွေ့ဆုံ မှာကြားစဉ်။

(သတင်းစဉ်)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၁၁

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီး ဦးမြင့်အောင်နှင့် တရားရုံးချုပ်(ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က မြန်မာ့ရိုးရာ စစ်တုရင် တိုးတက်ပြန့်ပွားရေး ဆောင်ရွက်နေမှုများ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က မြန်မာ့ရိုးရာ စစ်တုရင် တိုးတက်ပြန့်ပွားရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၈ရက် မွန်းလွဲ ၁ နာရီတွင်ရန်ကုန်မြို့ရှိ စီးတီးစတားဟိုတယ်၌ ကျင်းပသည်။

စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် သမိုင်းကြောင်း၊ မြန်မာ့ရိုးရာစစ်တုရင်နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြန်မာ့ရိုးရာစစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က လက်ရှိဆောင်ရွက်နေသည့် မြန်မာ့ရိုးရာစစ်တုရင်ကစားနည်းကို တွင်ကျယ်စေရန် စာအုပ်စာတမ်းများဖြန့်ဖြူးပေးမည့်အစီအစဉ်၊ မြန်မာ့စစ်တုရင်ကစားနည်းအရုပ်များကို ဈေးကွက်တွင် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်စေရန် ဆောင်ရွက်ထားမှုများနှင့် စက်တင်ဘာ၂၇ ရက်တွင် ကျင်းပမည့် မြန်မာ့ရိုးရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာနှင့် မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင်တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားသည်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ဦးအောင်ကျော်အေး (ဧရာဝတီတိုင်းဒေသကြီး)နှင့် ဦးဇော်ဝင်း (၂) (မန္တလေးတိုင်းဒေသကြီး) တို့က မြန်မာ့ရိုးရာ စစ်တုရင်ကို သရုပ်ပြကစားကြပြီး မြန်မာ့ရိုးရာ စစ်တုရင် ငါးထပ်ကွမ်းချန်ပီယံ ဦးသိန်းဇော်(ကွမ်းခြံကုန်း)က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Gusto Graphic Design

Graphic Design သင်တန်းဖွင့်မည်

နေပြည်တော် စက်တင်ဘာ ၁၁

Graphic Design များသည် အရေးပါသောကြောင့် အရည်အချင်းပြည့်ဝသော Graphic Designer များကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ Gusto ကွန်ပျူတာ နည်းပညာသင်တန်းကျောင်းက Graphic Design Course ကို ဖွင့်လှစ်ပေးနေခြင်း ဖြစ်သည်။

သင်တန်းတွင် Graphic Designer တစ်ယောက်အနေဖြင့် သိသင့်သိထိုက်သော Technical Skills များသာမက Design တစ်ခု၏ အခြေခံ စဉ်းစားပုံစဉ်းစားနည်း (Conceptual Skills) များကိုပါ သင်ကြားပေးမည်ဖြစ်သည်။ လက်တွေ့လုပ်ငန်းခွင်တွင် မိမိကိုယ်တိုင် Design များ ပြုလုပ်နိုင်ရန်အတွက် Design Theory များ၊ Color Theory များကို အနှစ်သာရရှိရှိ လေ့လာရမည်ဖြစ်သည်။ ထို့အပြင် အဆင့်မြင့် Design Software များကို ကိုယ်တိုင် အစအဆုံး ပြုလုပ်နိုင်စေရန်အတွက် Design Theory များ၊ Color Principle များကို အနှစ်သာရပြည့်ဝစွာ နားလည်စေရန် စာတွေ့လက်တွေ့များဖြင့် စနစ်တကျ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်ကြားပေးမည့် အကြောင်းအရာများမှာ Design Principle, Color Theory, Design Process, Typographic Technique, Business Logo Creation, Text and Graphics File Preparation for Print Processing အစရှိသော အကြောင်းအရာများကို ကမ္ဘာကျော် Design Software များဖြစ်သော Adobe PhotoShop, Adobe Illustrator, Adobe In Design များစသည်တို့ကို အသုံးပြု၍ သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါသင်တန်းသို့ Graphic Design များကို ကိုယ်တိုင်ဖန်တီးပြုလုပ်လိုသူများ၊ Printing House,Photo Studio, Media House တို့တွင် Graphic Designer အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများ၊ Web Designer ကောင်းတစ်ယောက်ဖြစ်ရန် အခြေခံကောင်းများ ရရှိလိုသူများ တက်ရောက်သင့်ကြောင်း၊ ကွန်ပျူတာအခြေခံရှိထားပြီးသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ သင်တန်းကို စက်တင်ဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး) နေ့များတွင် တက်ရောက်သင်ကြားရမည်ဖြစ်ကြောင်း၊ သင်တန်းသား ဦးရေ ၁၅ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများ အနေဖြင့် စက်တင်ဘာ ၁၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် Gusto ကွန်ပျူတာ နည်းပညာသင်တန်းကျောင်း အမှတ်(၂၆) (၁၄)လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၄၄၉၆နှင့် ၀၉-၈၆၂၈၈၀၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)မှ တိုင်းဒေသကြီး ရုံးခွဲဦးစီးမှူး ဦးဝေလွင်(ဒုတိယညွှန်ကြားရေးမှူး) ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၆ ရက်က အမှတ်(၂) လမ်းမကြီး ကျောက်လမ်းမှတ်တိုင်အနီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခရီးသည်တင်ယာဉ်များနှင့် အဝေးပြေးယာဉ်ကြီးများကို ယာဉ်မောင်းလိုင်စင်၊ ယာဉ်နောက်လိုက်လိုင်စင်နှင့် ယာဉ်လိုင်စင်များကို စစ်ဆေးစဉ်။

(ကညန)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

☆ ကျောဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ခေတ္တသံရုံးယာယီတာဝန်ခံ Mr.Wang Zong Ying တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဆင်းရဲ၏နောက် ချမ်းသာရောက်" တရားတော် (ယောဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၅)**
၈း၄၀	တစ်သက်တာစိတ်အေးဖို့ သစ်မွှေးစိုက်ကြစို့
၈း၅၅	မုံရွာမြို့မှ . . . ဧရိပ်ဆာယာ
၉း၁၅	Activities In The City (မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်နှင့် ပညာရေးထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား)
၉း၃၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀း၀၀	ရတနာရွှေသိုက်
၁၀း၁၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမြသိန်း)
၁၀း၃၅	ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
၁၀း၄၅	ဗီဒီယိုပြခန်း
၁၁း၀၀	ဈေးဝယ်လမ်းညွှန် (Shoe Gallery)
၁၁း၃၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၂း၀၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)
၁၂း၃၅	နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (ကျောက်စိမ်းကွန်ဒိုနှင့် နဝရတ်ကွန်ဒို)
၁း၀၀	"ဆင်းရဲ၏နောက် ချမ်းသာရောက်" တရားတော် (ယောဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (ပိုက်ဆံချေးတာကောင်းတယ်၊ ပိုက်ဆံမချေးတာကောင်းတယ်)
၃း၃၀	Kids Show
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၅)**
၄း၄၅	တစ်သက်တာစိတ်အေးဖို့ သစ်မွှေးစိုက်ကြစို့
၅း၁၀	FMF Selection
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂)**
၇း၂၅	သွားမယ်စားမယ် (GG Food House)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဟိုတယ်လမ်းညွှန် (Rupar Mandalar)
၉း၀၀	Talent Show (ထွေးဦးမြန်မာရိုးရာယဉ်ကျေးမှု ရုပ်စုံအဖွဲ့)
၉း၂၅	Barclays Premier League (Birmingham Vs Liverpool)
၁၁း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၆)**
၁၂း၀၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမြသိန်း)
၁၂း၃၀	နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (ကျောက်စိမ်းကွန်ဒိုနှင့် နဝရတ်ကွန်ဒို)
၁၂း၄၅	Celebrity Profile (L ဆိုင်းဇီနှင့်တွေ့ဆုံခြင်း)
၁း၂၀	Activities In The City (မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်နှင့် ပညာရေးထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား)
၁း၃၅	ရွှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ချိုမြမွှေးမွှေးပဲဆီနှင့် ကျန်းမာရေး)
၂း၀၅	သွားကျန်းမာရေးပညာပေး အစီအစဉ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကိုကိုမော်)
၂း၄၅	Movie Mistakes (Mr And Mrs Smith)
၃း၁၀	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၃း၂၀	ရောင်စုံရသနီယွန်ည
၃း၅၀	ပြည်သူ့အတွက် EMS
၄း၀၅	ရတနာရွှေသိုက်
၄း၁၅	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညို ဖူးမြော် ကျိုက်တလန်းစေတီတော်
၄း၄၀	မုံရွာမြို့မှ . . . ဧရိပ်ဆာယာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်**

ညဝိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၉း၂၅	Birmingham - Liverpool	ESPN (Live)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Hu Jan Yue က ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အဖွဲ့ဝင်များလိုက်ပါလျက် စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ထွက်ခွာခဲ့ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် အထူးလေယာဉ်သည် ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Madame Lin Nan တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ခရီးဦး ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုပန်းစည်းပေးအပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ကလေးငယ်နှစ်ဦးက လေယာဉ်လှေကားထိပ်မှ ဂုဏ်ပြုပန်းစည်းများကို ပေးအပ်၍ ဂါရဝပြုကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Hu Jan Yue နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား မြန်မာကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်းများကို ဂါရဝပြုပေးအပ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၏ ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီး ဒေါက်တာ ဒေါ်နွယ်နီဝင်း၊ မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုကြသည်။

ရောက်ရှိရပ်နား

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ ခေတ္တတည်းခိုမည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို စက်တင်ဘာ ၈ရက် ညနေ ၅နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ ကျင်းပသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ပြည်သူ့ခန်းမဆောင်ကြီးသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ဝင်ပေါက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်ထောင်းက ရင်းနှီးခင်မင်စွာကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းအား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့☆

ရင်းနှီးခင်မင်စွာ ကြိုဆို နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ဝင်ပေါက်၌ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့ အလေးပြုခြင်းခံယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် သမ္မတ မစ္စတာ ဟူကျင်ထောင်း ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

✯ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့က ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီးတို့ တက်ရောက်ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းနှင့်အတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် Mr. Dai Binguo၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yang Jiechi၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Li Chen glin၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Liu Zhijun၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Chen Deming၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

အနောက်တောင်မုတ်သုံလေ မြောက်ပိုင်းဒေသမှ ဆုတ်ခွာနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** လယ်ဝေးမြို့နယ်တွင် ၂ ဒသမ ၂၈ လက်မ၊ လောင်းလုံမြို့တွင် ၅ ဒသမ ၉၄ လက်မ၊ သိမ်ဇရပ်မြို့တွင် ၄ ဒသမ ၃၇ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၇၉ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ရန်ကုန် (မင်္ဂလာဒုံ)တွင် ၁ ဒသမ ၇၃ လက်မ၊ ရမည်းသင်းမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီနှင့် ကန့်ဘလူမြို့တွင် ၁ ဒသမ ၄၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၁၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

Junction Centre (Maw Tin) ရှိ Junction Cineplex ၌ ရုပ်ရှင်အကြိုပြသ

ရန်ကုန် စက်တင်ဘာ ၁၁

Junction Centre (Maw Tin) ရှိ Junction Cineplex ၌ ရုပ်ရှင်အကြိုပြသပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းသစ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အဆိုပါ Junction Centre (Maw Tin) ၌ ပြသရာ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ Junction Centre (Maw Tin) သည် ကမ္ဘာ့အဆင့်အတန်းမီ နည်းစနစ်များ ပေါင်းစပ်ထားသော တစ်မူထူးခြားသည့် Shopping Centre ဖြစ်သည်။

Junction Centre (Maw Tin) အဆောက်အအုံသည် လေးထပ်အဆောက်အအုံဖြစ်ကာ ပထမထပ်တွင် City Mart Supermarket ကမ္ဘာ့အဆင့်အတန်းမီ Branded အိတ်၊ ဖိနပ်၊ မျက်မှန်နှင့် ရသာကောင်းမွန်သော ကော်ဖီဆိုင်များ၊ ဒုတိယထပ်တွင် ကမ္ဘာ့အဆင့်အတန်းမီ လူငယ်ကြိုက်ဖက်ရှင် အဝတ်အထည်ဒီဇိုင်း အသစ်အဆန်းများ၊ တတိယထပ်တွင် လူသုံးကုန်ပစ္စည်းများ၊ ကလေးများအတွက် အသုံးအဆောင်များနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ အသားအရေထိန်းသိမ်းမှုနှင့် အလှပြုပြင်ရေးဆိုင်များပါရှိပြီး စတုတ္ထထပ်တွင် လူကြီး၊ လူငယ်များပါ ကစားနိုင်သော ကစားကွင်း၊ လူမျိုးဘာသာမရွေး စားသုံးနိုင်သော စားသောက်ဆိုင်များနှင့် Junction Cineplex ပါရှိသည်။

ယင်း Cineplex တွင် ရုပ်ရှင်ရုံနှစ်ရုံပါရှိကာ ရုပ်ရှင်ရုံတစ်ရုံလျှင် ခုံ ၂၂၀ ပါဝင်၍ ရုံနှစ်ရုံအတွက် လူဦးရေ ၄၆၀ ဝင်ဆံ့သည့်အပြင် မြန်မာနိုင်ငံတွင် ပထမဦးဆုံး Shopping Centre နှင့်တွဲလျက် ရုပ်ရှင်ရုံပါရှိသော တစ်မူထူးခြားသည့် တစ်ခုတည်းသော Cineplex ဖြစ်သည်။

Junction Cineplex တွင်နောက်ဆုံးပေါ် Strong Brand Projector ၊ Dolby Digital Sound System ၊ Acoustic System များကို အသုံးပြုထားခြင်းကြောင့် ရုပ်သံကြည်လင် ပြတ်သားပြီး အသံပတ်လည်ပြေး စနစ်ကို အပြည့်အဝ ကြည့်ရှုခံစားနိုင်သည်။

ရုပ်ရှင်ကြည့်ပရိသတ် အနားယူအပန်းဖြေကြည့်ရှုနိုင်စေရန် Air Con Service အပြည့်ပေးထားသဖြင့် အေးမြသော လေအေးဖြင့် ထိတွေ့ခံစားမှုကို ခံစားရရှိစေနိုင်သည်။

ရုပ်ရှင်ရုံအတွင်းတွင် အမြဲတမ်းသင်းပျံ့နေစေရန် Auto Air Fresher System များ တပ်ဆင်ထားခြင်းကြောင့် ရုပ်ရှင်ကြည့် ပရိသတ်အနေဖြင့် သင်းပျံ့သောရနံ့ကို ခံစားစေနိုင်သည်။

Junction Cineplex တွင် အသုံးပြုသော ထိုင်ခုံများမှာ နိုင်ငံတကာအဆင့်မီထိုင်ခုံများဖြစ်၍ သက်သောင့်သက်သာရှိပြီး ထိုင်ခုံလက်တန်းများကို အရှင်တပ်ဆင်ထားသဖြင့် လက်တန်းများကို မပြီး Couple Seat အနေဖြင့် အဆင်ပြေစိတ်အေးချမ်းစွာ ကြည့်ရှုနိုင်သည်။

ရုပ်ရှင်လက်မှတ်ဈေးနှုန်းမှာ ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀ နှင့် ၆၅၀၀ တို့ဖြင့် ဝန်ဆောင်မှု ပေးသွားမည်ဖြစ်သည်။

Junction Centre (Maw Tin) ရှိ Junction Cineplex ကို စက်တင်ဘာ ၁၇ ရက်မှ စတင်၍ နေ့စဉ်ပွဲစဉ် ငါးပွဲဖြင့် မြန်မာရုပ်ရှင်နှင့် နိုင်ငံခြားရုပ်ရှင်ကားများကို ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Junction Centre (Maw Tin) Junction Cineplex ၌ ရုပ်ရှင်အကြိုပွဲ ပြသစဉ်။ (သတင်းစဉ်)

ဥတု ရာသီ တောကိုမှီ၏

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို

ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီတွင် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ်ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple သို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီးနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုသို့ ရောက်ရှိချိန်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ဗုဒ္ဓဘာသာဝင် အသင်းသား၊ အသင်းသူများက ဂုဏ်ပြုသည့်ကြို ဓမ္မတေးသံသာများဖြင့် တီးမှုတ်၍ ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လင်ကွမ်းစီ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ချန်ကျန့်နှင့် ဆရာတော်များအား ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့သည် လင်ကွမ်းစီ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား စိန်ဖူးတော်၊ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်၊ ကြေးဆင်းတုတော်၊ ကျောက်စီရွှေတိဂုံစေတီပုံတော်၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လင်ကွမ်းစီ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ချန်ကျန့်က ဗုဒ္ဓစွယ်တော်မြတ်ပုံတူစေတီကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၉-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၇။ အဆိုပြိုင်ပွဲ
၈း၁၅ ၈။ ရွှေလီတံတား(နမ့်ခမ်း)
၈း၂၅ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ "နှောင်းနောင်တ"
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၄၂)**
၁၂း၃၀ ၅။ Golf Magazine(TV)
၁၂း၄၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်သူရဲ့ပခုံးတစ်ဖက်" (လွင်မိုး၊ ပြေတီဦး၊ နဝရတ်၊ ချစ်စနိုးဦး) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
၂း၃၀ ၇။ "မြစ်အားလုံးဆုံရာ မဟာသမုဒ္ဒရာ"
၂း၄၅ ၈။ International News
၂း၅၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မနော်မြေအသင်းနှင့် မကွေးအသင်း)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၂၈)
၆း၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ "ရှေးကတော့ပိုချစ်ကြတယ်" (ပထမပိုင်း) (ထွန်းထွန်းဝင်း၊ ရန်နိုင်၊ ချိုပြုံး၊ ခင်မျိုးအေးဗို) [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၁၄)**
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ အထိမခံရွှေနိုင်ငံ [တေးရေး၊ဆို-ပေါက်စ(Drum)]
၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၅၉)**
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၂၀)**
၁၄။ အစီအစဉ်ပြီး၏။

❁ စာမျက်နှာ ၆ မှ

အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

နာယူ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ၏ ပရိတ်ရွတ်ဝတ်ပြုဆုတောင်းမှုကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဆရာတော်ချန်ကျန့်က ဗုဒ္ဓစွယ်တော်မြတ်ပုံတူစေတီကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဗုဒ္ဓစွယ်တော်တိုက်သို့ တက်ရောက်၍ ဗုဒ္ဓစွယ်တော်မြတ်အား ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် သစ်သီးတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကန်တော့

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကျောက်စိမ်း စေတီတန်ဆောင်း၌ ကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့် မြန်မာနိုင်ငံမှ လှူဒါန်းထားသော ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းနှင့် သစ်သီးတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်တိုက်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple ကို တွေ့ရစဉ်။

(သတင်းစဉ်)

ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်

ကျောက်စိမ်းစေတီတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြန်မာနိုင်ငံမှလှူဒါန်းထားသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးတွေ့ရစဉ်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့က လင်ကွမ်းစီစွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ချန်ကျန့်ထံ ကျောက်စီ ရွှေတိဂုံစေတီပုံတော်အား ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၉-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ပညာလည်းရှာစာပါဖို့ချ
၇း၁၀	၄။	ဓမ္မပူဇာတေး
၇း၂၀	၅။	မျိုးချစ်တပ်မတော်
၇း၂၅	၆။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် -အမြွာစုံထောက် (အပိုင်း-၃၈)**
၁၂း၀၀	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်စစ်မှန်ရင်**
၁၂း၃၀	၆။	ကျန်းမာသုတ
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၆၉)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၀။	ဘဝကြေးမုံ -အထိန်းတော် (ပြည့်စုံအောင်၊ ခိုင်နှင်းဝေ၊ အောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၁၁။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၅)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	နိုင်ငံတကာသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ကျန်းမာသုတ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ်(အပိုင်း-၁၃)**
	၂၁။	လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၂၇)
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ရန်ကုန် စက်တင်ဘာ ၁၁

မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြောင်းမြမြို့နယ် ကြာဖူးငုံကျေးရွာအုပ်စု တံတားကူးကျေးရွာရှိ သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်နှင့် ဝန်ထမ်းများ၊ ကြာဖူးငုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတောင်သူများက ငါးမြစ်ချင်းကောင်ရေ ၆၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၄၀၀၀၀၊ ငါးရှဉ့်ကောင်ရေ ၂၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၂၀၀၀ တို့ကို တံတားကူးကျေးရွာ သဘာဝရေပြင်၊ ရေရိုးနှင့် ဆက်စပ်နေသော ရေကြီး၊ ရေလျှံကွင်းများသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ယခုနှစ်ဆိုလျှင် နှစ်(၆၀)ပြည့်ပြီ နှစ်ပေါင်း(၆၀)အတွင်း နှစ်နိုင်ငံအကြားတွင် တန်းတူညီတူရှိမှု၊ စာနာထောက်ထားမှု၊ အပြန်အလှန် နားလည်မှုများစွာနှင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ခဲ့ ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာ ပြီးခဲ့သည့်နှစ်များအတွင်း ကြီးမားသည့် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ခဲ့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ဖြစ်ထွန်းလျက်ရှိ တရုတ်-မြန်မာဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိခြင်းမှာ မဟာဗျူဟာမြောက်ရှုထောင့်မှ စဉ်းစားရှုမြင်၍ ရေရှည်အကျိုးရှိအောင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့်ဖြစ် မြန်မာကုမ္ပဏီများ တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်နိုင်ရန် ဖိတ်ခေါ် တရုတ်နိုင်ငံရှိ အင်အားတောင့်တင်းသည့် ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အားပေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း

တွေ့ဆုံ ဆွေးနွေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမ ဆောင်ကြီး၏ အရှေ့ဘက်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

❖ **ရွှေဖုံးမှ**

အလားတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် Mr.Dai Binguo၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yang Jiechi၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Li Chen glin၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr.Liu Zhijun၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Chen Deming၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် ယခုနှစ်သည် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်(၆၀) ပြည့်နှစ်ဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးကြီးသည့်နှစ်တွင် အဆွေတော်အနေဖြင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးအပေါ် မည်မျှအလေးထားသည်ကို ပြသနိုင်ခဲ့ပါကြောင်း။

အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ပေးစေမည့် ခရီးစဉ်ဖြစ်ပါကြောင်းဖြင့် ပဏာမပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆွေးနွေးပြောကြားရာတွင် မိမိနှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့သို့ ရောက်ရှိစဉ်တွင် နွေးထွေးစွာ ကြိုဆိုခဲ့ပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ဆက်လက်မြှင့်တင်ရေး

ယခု မိမိ၏ တရုတ်ပြည်ခရီးစဉ် လာရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် အပြန်အလှန်နားလည်မှု၊ ခင်မင်ရင်းနှီးသည့် အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းမှုများ အရှိန်အဟုန် ဆက်လက်မြှင့်တင်ရေးတို့အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ၁၉၅၀ ခုနှစ် ဇွန်လတွင် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ်(၆၀)ပြည့်မြောက်ပြီဖြစ်ပါကြောင်း။

သံတမန် ဆက်ဆံရေးနှစ်(၆၀) ပြည့်အထိမ်းအမှတ်ပွဲများကို နှစ်နိုင်ငံစလုံးတွင် ကျင်းပခဲ့ကြပြီး ပြီးခဲ့သည့် ဇွန်လအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေး သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့စဉ်မှစ၍နှစ်ပေါင်း(၆၀)အတွင်း နှစ်နိုင်ငံအကြားတွင် တန်းတူညီတူရှိမှု၊ စာနာထောက်ထားမှု၊ အပြန်အလှန် နားလည်မှုများစွာနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခဲ့ကြပါကြောင်း။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကာ ပြီးခဲ့သည့်နှစ်များအတွင်း၌ စွမ်းအင်ကဏ္ဍ၊ ရေနံနှင့် သဘ...
ရေး၊ ရေအားလျှပ်စစ်၊ စက်မှုအခြေခံအ...
စသည့် ကြီးမားသည့် စီမံကိန်းများကို နှစ်...
အထည်ဖော်နိုင်လာခဲ့ကြပါကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ...
နိုင်ငံအဖြစ် ကာလကြာရှည်စွာ ရပ်တည်...
မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်...
နိုင်ငံဖြစ်ပါကြောင်း။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွင်း...
ရှီကျင့်ဖျင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး...
နှစ်နိုင်ငံအကျိုးတူစီမံကိန်းများအတွက် ...
တော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာဝမ်...
အတွင်း သဘောတူစာချုပ်(၁၅)ခုတို့ကို ...

စာချုပ်ပါလုပ်ငန်းစီမံကိန်းများ အ...
ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်...
ရွက်စေလျက်ရှိပါကြောင်း။

လက်တွဲဆောင်ရွ...

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ ...
မျက်နှာစာတို့တွင် နီးကပ်စွာလက်တွဲပူး...

မိမိတို့အနေဖြင့် တရုတ်တစ်နိုင်ငံ...
ကို အပြည့်အဝနားလည်ပြီး အစဉ်အမြဲ...

ဆက်လက်၍လည်းထောက်ခံသွား...
ပြောင်းလဲမှုမရှိသော ရပ်တည်ချက်လ...

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနို...
(၇)ရပ်ကို အောင်မြင်အောင် ဖော်ဆော...
နိုဝင်ဘာ ၇ ရက်၌ ကျင်းပပြုလုပ်မည့်...
အတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုအ...
နိုင်ငံခြားရေးမူဝါဒအခြေအနေများကို ...

တိုးတက်ဖြစ်...

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနို...
က ပြန်လည်ပြောကြားရာတွင် မိမိတို့...
တိုးတက်ဖြစ်ထွန်းလျက်ရှိပြီး ရှေးပဝေ...
ကူးလူးဆက်ဆံခဲ့ကြပါကြောင်း၊ နှ...
စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး နက်ရှိုင်း...
ရေးဖြစ်ထွန်းခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့...
အစောဆုံးစတင်အသိအမှတ်ပြုခဲ့သည့် ...
ပါကြောင်း။

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်-နေ့လယ်-ည)

၁၂-၉-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ (ပုဗ္ဗကျသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ဘဝအသွင်ကဗျာ့အမြင် (ရိက္ခာ)
- ၈း၃၅ တေးပဒေသာ
- ၁၀း၀၀ မွေးနေ့လက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ဒူးနာခြင်းကင်းဝေးစေမယ့် အစားအစာများ)
- ၁၀း၄၀ တေးစီးရီး (မြင်းမိုရ်မေမေ-မင်းထက်မောင်မောင်)
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-သတ္တိခဲဂျာရစ်)
- ၁၂း၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (ကြောက်စရာ့အကွေး) နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ ၁။ မြတ်ဗုဒ္ဓ၏ တစ်ရက်တာအတွက် ဆောင်ရွက်ချက်(၅)ပါးနှင့် သိမှတ်ဖွယ်ရာအဖြာဖြာ (ဘဒ္ဒန္တဝေဠုရိယ) ၂။ ရဲဝံ့တဲ့သူအောင်ပွဲယူ (ချစ်နိုင်-စိတ်ပညာ)
- ၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ သိလိုသမျှမေးကျန်းမာရေး
- ၁း၂၀ တေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။
- ၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ သောတရှင်လိုရာတေး
- ၅း၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၀ ညနေခင်းတေးပဒေသာ
- ၅း၃၅ တံ့ပြန်ဖြေကြား အနုပညာရှင်များ (အောင်ရဲလင်း)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ တေးချစ်သူရွှေသီတေးပန်းချီ
- ၆း၃၀ သုတစုံကြွယ်သိစေဖွယ် (အသက်မွေးမှုတစ်ခုပညာ)
- ၆း၄၅ တေးပဒေသာ
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၁၀ Talk on Line (Sweety) နိုင်ငံရေးဦးတည်ချက်
- ၇း၃၀ တေးပဒေသာ
- ၈း၀၀ ပြည်တွင်းသတင်း
- ၈း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (စိုးလွင်လွင်) စီးပွားရေးဦးတည်ချက်
- ၈း၄၀ လယ်ယာစီးပွား (မိုးမြေပဲအထွက်တိုးဖို့ စိုက်ချိန်ပြောင်းလဲစိုက်ပျိုးစို့)
- ၈း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
- ၉း၀၀ ရင်တွင်းခံစား တေးသီချင်းများ (သင်းသင်းခိုင်)
- ၉း၁၅ ညချမ်းချိန်ခါတေးပဒေသာ
- ၉း၃၀ ခေတ်မရွေးသောတေး
- ၁၀း၀၀ အစီအစဉ်ပြီး၏။

ASEAN Silk Fabric and Fashion Design

မြန်မာနိုင်ငံက လွန်းသုံးရာချိတ်ဒီဇိုင်းဖြင့် ပထမဆုအပါအဝင်

နေပြည်တော် စက်တင်ဘာ ၁၁

ထိုင်းနိုင်ငံ Muang Thong Thani ရှိ IMPACT Exhibition and Convention Centre ၌ ဩဂုတ် ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သော ASEAN Silk Fabric and Fashion Design Contest 2010 ပြပွဲပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်းဝါနှင့်ပိုးချည်လုပ်ငန်းမှ မန်နေဂျာ ဒေါ်နွေနွေဝင်း၊ ဒေါ်ရီရီလှိုင်နှင့် ရက်ကန်းလုပ်ငန်းရှင်များဖြစ်ကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေး ခေတ်ဆန်းယဉ်ရက်ကန်းမှ ဦးမြင့်သိန်းထွန်းနှင့် ဦးတင်ထွဋ်လွင်တို့ သွားရောက်ခဲ့ကြပြီး မိမိရက်ကန်းစင်မှ ထုတ်လုပ်သည့် ပိုးထည်၊ ကြာထည်နှင့် ချည်ထည်များကို ဒီဇိုင်းအမျိုးမျိုးဖြင့် ပြသယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပြပွဲတွင် မြန်မာနိုင်ငံမှ ပြသထားမှုများကို လူအများက အထူးစိတ်ဝင်စားကြပြီး ပြိုင်ပွဲတွင် Special Technique Fabric

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက် နိုင်ငံအဖြစ် ကာလကြာရှည်စွာ ရပ်တည်နိုင်ခဲ့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် တတိယအကြီးဆုံး နိုင်ငံဖြစ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အတွင်း၌ စွမ်းအင်ကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေး၊ ရေအားလျှပ်စစ်၊ စက်မှုအခြေခံအဆောက်အအုံနှင့် စိုက်ပျိုးရေးကဏ္ဍစသည့် ကြီးမားသည့် စီမံကိန်းများကို နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းအကောင်အထည်ဖော်နိုင်လာခဲ့ကြပါကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ကာလကြာရှည်စွာ ရပ်တည်နိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် တတိယအကြီးဆုံး နိုင်ငံဖြစ်ပါကြောင်း။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွင်း တရုတ်ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့စဉ်အတွင်း နှစ်နိုင်ငံအကျိုးတူစီမံကိန်းများအတွက် သဘောတူစာချုပ်(၁၆)ခုနှင့် နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း သဘောတူစာချုပ်(၁၅)ခုတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

စာချုပ်ပါလုပ်ငန်းစီမံကိန်းများ အမြန်ဆုံးအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို တွန်းအားပေး ဆောင်ရွက်စေလျက်ရှိပါကြောင်း။

လက်တွဲဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ ဒေသတွင်းနှင့် အခြားအဖွဲ့အစည်းများ မျက်နှာစာတို့တွင် နီးကပ်စွာလက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒ(One China Policy)ကို အပြည့်အဝနားလည်ပြီး အစဉ်အမြဲ အခိုင်အမာထောက်ခံပါကြောင်း။

ဆက်လက်၍လည်းထောက်ခံသွားမည်ဖြစ်၍ မြန်မာနိုင်ငံအတွက် ပြောင်းလဲမှုမရှိသော ရပ်တည်ချက်လည်းဖြစ်ပါကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် လမ်းစဉ်(၇)ရပ်ကို အောင်မြင်အောင် ဖော်ဆောင်နေမှုအခြေအနေ၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်၌ ကျင်းပပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒအခြေအနေများကို ရှင်းလင်းပြောကြားသည်။

တိုးတက်ဖြစ်ထွန်း

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ပြန်လည်ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ဖြစ်ထွန်းလျက်ရှိပြီး ရှေးပဝေသဏီကပင် နှစ်နိုင်ငံပြည်သူများ ကူးလူးဆက်ဆံခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြားတည်ငြိမ်အေးချမ်းစွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး နက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးဖြစ်ထွန်းခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့ပြီးနောက် အစောဆုံးစတင်အသိအမှတ်ပြုခဲ့သည့် နိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်ပါကြောင်း။

နှစ်ပေါင်း (၆၀)အတွင်း နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက် ပြုစုပျိုးထောင်ခဲ့မှုကြောင့် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးစံနမူနာကို ချမှတ်နိုင်ခဲ့ပါကြောင်း။

ရေရှည်အကျိုးရှိအောင်

တရုတ်-မြန်မာဆက်ဆံရေး ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လျက်ရှိခြင်းမှာ မဟာဗျူဟာမြောက်ရှုထောင့်မှ စဉ်းစားရှုမြင်၍ ရေရှည်အကျိုးရှိအောင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြခြင်းကြောင့် ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများအပေါ် မိတ်ဆွေကောင်းများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားရေးမူဝါဒကို အခြေခံထား၍ မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ထိုမူဝါဒသည် မည်သည့်အခါမျှ ပြောင်းလဲမှုမရှိသည့် မူဝါဒဖြစ်ပါကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်း၊ နိုင်ငံတကာ အစည်းအဝေးများတွင် နှစ်ဖက်အရေးကြီးသည့် ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် မဟာဗျူဟာမြောက်ယုံကြည်မှုကို တည်ဆောက်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံစီးပွားကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရာတွင် ကုန်သွယ်မှုပမာဏ ကြီးမားလာစေရေး ဆောင်ရွက်သွားရန် လိုအပ်သည့်အပြင် နှစ်နိုင်ငံဆက်ဆံရေး ရုပ်ပိုင်းဆိုင်ရာခိုင်ခံ့စေရေး ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ကြီးကြပ်လုပ်ဆောင်

ထိုကဲ့သို့ဆောင်ရွက်သွားနိုင်ရန်အတွက် နှစ်နိုင်ငံအကြား လုပ်ငန်းအဖွဲ့(Working Group)ဖွဲ့စည်း၍ မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ်လုပ်ဆောင်သွားရန် ဖြစ်ပါကြောင်း။

မြန်မာကုမ္ပဏီများ တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်းနှင့် တရုတ်နိုင်ငံဘက်သို့လည်း ကုန်ပစ္စည်းတိုးမြှင့်တင်သွင်းမှုများ ကြိုးပမ်းစေလိုပါကြောင်း။

အားပေးထောက်ခံ

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် တရုတ်နိုင်ငံရှိ အင်အားတောင့်တင်းသည့် ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန် အားပေးထောက်ခံလျက်ရှိပါကြောင်း။

တရုတ်နှင့် မြန်မာနိုင်ငံတို့အကြားတွင် စွမ်းအင်၊ ရေအားလျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ အခြေခံအဆောက်အအုံ စသည့် အခြေခံကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို နားလည်ထောက်ခံပါကြောင်း၊ တရုတ်အစိုးရအနေဖြင့်လည်း နည်းပညာနှင့် ငွေကြေးပိုင်းတွင်ပါ အကူအညီများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများ၌ မြန်မာအစိုးရကို ဆန့်ကျင်မည့်လှုပ်ရှားမှုများနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမည့် လုပ်ရပ်များကို ပြုလုပ်မည့် မည်သည့်အဖွဲ့အစည်းကိုမျှ လက်ခံထောက်ခံမည်မဟုတ်ပါကြောင်း။

မြန်မာနိုင်ငံ ရွေးကောက်ပွဲအစီအစဉ်များနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

မြန်မာအစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အဆင်ပြေအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း။

ယနေ့ ဆွေးနွေးပွဲမှ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ ဆက်လက်မြှင့်တင်ဆောင်ရွက်ရေး သဘောတူညီချက်များ ရရှိခဲ့ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထိုသို့ နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံဆွေးနွေးပွဲအပြီး ညနေ ၆နာရီခွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းက ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။ (သတင်းစဉ်)

Fabric and Fashion Design Contest 2010 ၌ သုံးရာချိတ်ဒီဇိုင်းဖြင့် ပထမဆုအပါအဝင် ဆုလေးဆု ဆွတ်ခူးရရှိခဲ့

ရက်ကန်းလုပ်ငန်းရှင်များဖြစ်ကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေး ခေတ်ဆန်းယဉ်ရက်ကန်းမှ ဦးမြင့်သိန်းထွန်းနှင့် ဦးတင်ထွဋ်လွင်တို့ သွားရောက်ခဲ့ကြပြီး မိမိရက်ကန်းစင်မှ ထုတ်လုပ်သည့် ပိုးထည်၊ ကြာထည်နှင့် ချည်ထည်များကို ဒီဇိုင်းအမျိုးမျိုးဖြင့် ပြသယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပြပွဲတွင် မြန်မာနိုင်ငံမှ ပြသထားမှုများကို လူအများက အထူးစိတ်ဝင်စားကြပြီး ပြိုင်ပွဲတွင် Special Technique Fabric ခေါင်းစဉ်အောက်မှ Tapestry In Chemical Dyed ပြိုင်ပွဲတွင် လွန်းသုံးရာချိတ်ဒီဇိုင်းဖြင့် ပထမဆုတစ်ဆုနှင့် အထူးဆုတစ်ဆု၊ Fashion Design Fabric ခေါင်းစဉ်အောက်မှ Women's Cocktail Outfit Design ပြိုင်ပွဲတွင် ကိုယ်တိုင်ရက်ကန်းဒီဇိုင်းထုတ်လုပ်ထားသော ညနေခင်းအမျိုးသမီးဝတ်စုံဖြင့် အထူးဆု တစ်ဆုနှင့် Antique Silk Fabric ပြိုင်ပွဲတွင် လွန်ခဲ့သော နှစ်(၈၀)ကရက်လုပ်ခဲ့သော အင်းလေး၊ ဇင်းမယ်ဒီဇိုင်းဝတ်စုံဖြင့် အထူးဆု တစ်ဆု စုစုပေါင်း လေးဆု ရရှိခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဧည့်ခန်းမ၌ ဝန်ကြီး ဦးဌေးဦးအား လာရောက်ဂါရဝပြုတွေ့ဆုံပြီး ပြပွဲ၊ ပြိုင်ပွဲမှ အတွေ့အကြုံများနှင့် ပြိုင်ပွဲမှ ဆုရရှိခဲ့မှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ရက်ကန်းလုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းများဖြစ်သော ပိုးချည်များ ထုတ်လုပ်ရန်အတွက် ပိုးမွေးမြူမှု တိုးချဲ့ဆောင်ရွက်ရေး၊ ပဒုမ္မာကြာ စိုက်ပျိုးမှုများ တိုးချဲ့ဆောင်ရွက်ရေးနှင့် ဈေးကွက်တိုးချဲ့ရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသများ၌ မြန်မာအစိုးရကို ဆန့်ကျင်မည့် လှုပ်ရှားမှုများနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမည့် လုပ်ရပ်များကို ပြုလုပ်မည့် မည်သည့် အဖွဲ့အစည်းကိုမျှ လက်ခံ ထောက်ခံမည်မဟုတ်။

မြန်မာအစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အဆင်ပြေ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝယုံကြည်။

သမ္မတ မစ္စတာ ဟူကျင်ထောင်း

နိုင်ငံတကာသတင်းများ   နိုင်ငံတကာသတင်းများ

အမေရိကန်အမျိုးသမီး ပြန်လွှတ်ပေးရေး အီရန်ရပ်ဆိုင်းထား

တီဟီရန် စက်တင်ဘာ ၁၁

အီရန်နိုင်ငံတွင် တစ်နှစ်ကျော်ကြာ ဖမ်းဆီးခံထားရသော အမေရိကန်တောင်တက်သမားသုံးဦးအနက် အမျိုးသမီးတစ်ဦးအား စနေနေ့တွင် ပြန်လွှတ်ပေးမည့် အစီအစဉ်ကို အီရန်အာဏာပိုင်များက ရုတ်တရက် ရပ်ဆိုင်းလိုက်သည်။

စီစဉ်ပေးခဲ့

ဥပုသ်လပြီးဆုံးခြင်းအထိမ်းအမှတ် ချမ်းသာခွင့်ကို ဖမ်းဆီးခံထားရသော အမေရိကန်နိုင်ငံသူ ဆာရာရှုရောက် ခံစားခွင့်ရရှိရန် ပုဂ္ဂိုလ်ရေးအရ ဝင်ရောက်စီစဉ်ပေးခဲ့သည့် သမ္မတ မာမွတ်အမာဒီနီဂျက်အတွက် အဆိုပါဖြစ်ရပ်သည် စိတ်မကြည်လင်စရာကိစ္စတစ်ရပ်ဖြစ်သည်ဟု သတင်းဌာနများက ရေးသားကြသည်။

လွှတ်ပေးရန်နာရီပိုင်းမျှသာအလိုတွင် ၎င်းကို လွှတ်ငြိမ်းချမ်းသာခွင့်မပေးမီ တရားရုံးတွင် အမှုကို ရင်ဆိုင်စေရဦးမည်ဟုဆိုကာ တရားရေးအဖွဲ့ တာဝန်ရှိသူများက ပြန်လွှတ်ရေးအစီအစဉ်ကို တားမြစ်ခဲ့ကြသည်။

ဆာရာရှုရောက်သည် အခြားအမေရိကန်နိုင်ငံသား နှစ်ဦးနှင့်အတူ အီရတ်နှင့် အီရန်နယ်စပ်၌ ၂၀၀၉ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် အဖမ်းခံခဲ့ရခြင်းဖြစ်ပြီး အီရန်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့ကြောင်း ၎င်းတို့သုံးဦးကို စွဲချက်တင်ထားသည်။

အင်တာနက်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်

ပေကျင်း စက်တင်ဘာ ၁၁

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို)၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့တွင် စက်တင်ဘာ ၁၀ ရက်၌ စတင်ပြုလုပ်သည်။

ငြိမ်းချမ်းရေးမစ်ရှင်(၂၀၁၀)ဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ တရုတ်၊ ကာဇက်စတန်၊ ကာဂျီစတန်၊ ရုရှားနှင့် တာဂျီကစ္စတန်နိုင်ငံတို့မှ တပ်ဖွဲ့ဝင် ၅၀၀၀ ပါဝင်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်ပွဲသို့ ဒေသဆိုင်ရာ နိုင်ငံငါးနိုင်ငံမှ စစ်ဦးစီးချုပ်များ အားပေးတက်ရောက်ကြသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှု မစတင်မီ ဒေသဆိုင်ရာနိုင်ငံများမှ စစ်ဦးစီးချုပ်များ၏ မဟာဗျူဟာဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ လုံခြုံရေးကိစ္စရပ်များ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းအတွက် ဒေသဆိုင်ရာ နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ကြသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများသည် အစွန်းရောက်လှုပ်ရှားမှုများ၊ ခွဲထွက်ရေး လှုပ်ရှားမှုများနှင့် အကြမ်းဖက်မှုများကို ရင်ဆိုင်လာနေရကြောင်း၊ ယင်းခြိမ်းခြောက်မှုများကြောင့် ဒေသဆိုင်ရာတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို ထိခိုက်နိုင်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချန်းဘင်းက ဆွေးနွေးပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ငြိမ်းချမ်းရေးမစ်ရှင်(၂၀၁၀) ဟု အမည်ပေးထားသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှု။

ယမုံနာမြစ် မြစ်ရေကြီးမှုကြောင့် နယူးဒေလီ၌ ဒေသခံများကို ရွှေ့ပြောင်းပေး

နယူးဒေလီ စက်တင်ဘာ ၁၁

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ ယမုံနာမြစ် မြစ်ရေကြီးမှုကြောင့် ရေလွှမ်းမိုးမှုအန္တရာယ်ဖြစ်ပေါ်လျက်ရှိရာ ဒေသခံ လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း အာဏာပိုင်များက ယနေ့ပြောကြားသည်။

ယမုံနာမြစ်ရေကြီးမှုကြောင့် နယူးဒေလီမြို့၏ မြေနိမ့်ဒေသများ၌ ရေလွှမ်းမိုးမှုဖြစ်ပေါ်လျက်ရှိသည်။ ယခုအခါ ဒေလီမြို့ဟောင်းရှိ ကက်ရှ်ဗီးဂိတ်အရပ်၌ ရေလွှမ်းမည့်အခြေအနေနှင့် တွေ့ကြုံနေရသည်။

မြို့တော်နယူးဒေလီနှင့် နီးကပ်စွာတည်ရှိသော ဟာယာနာပြည်နယ်တွင် မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးလျက်ရှိပြီး ယမုံနာမြစ်၏ မြစ်ညာမှ ရေများကို ပို့လွှတ်လျက်ရှိသဖြင့် ယင်းမြစ်၏ ရေမျက်နှာပြင်အမြင့်သည် စနေနေ့ နံနက်က ၂၀၆ ဒသမ ၆၆ မီတာအထိ ရောက်ရှိနေသည်ဟု သိရသည်။

မြစ်ရေကြီးမှုကြောင့် ယင်းမြစ်ပေါ်ရှိ မြစ်ကူးတံတားကြီး တစ်စင်းကို ပိတ်ထားလိုက်ရသည်။ ရေလွှမ်းမိုးမှုကြောင့် မြို့တော်နယူးဒေလီနှင့် အခြားမြို့များသို့ ခုတ်မောင်းပေးသည့် ရထားခရီးစဉ်များကို ဖျက်သိမ်းထားသည်။

ယမုံနာမြစ်သည် နယူးဒေလီကို ဖြတ်သန်းကာ မြောက်မှတောင်ဘက်သို့ သွယ်တန်းစီးဆင်းနေသည်။ မြစ်အနီးရှိ မြေနိမ့်အရပ်ဒေသများ၌ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ယမုံနာမြစ်ရေကြီးမှုကြောင့် ဘေးလွတ်ရာပြောင်းရွှေ့နေကြသူများကို တွေ့ရစဉ်။

အနောက်အာဖရိကနိုင်ငံများတွင် ဝမ်းရောဂါကူးစက်ပျံ့နှံ့လျက်ရှိ

ဂန်ဂျူဝါ စက်တင်ဘာ ၁၁

နိုင်ဂျီးရီးယားအစိုးရသည် နှစ်လအတွင်း လူ ၈၀၀ နီးပါး သေဆုံးခဲ့ရသည့် ဝမ်းရောဂါကူးစက်ပျံ့ပွားမှုကို ကာကွယ်နိုင်ရန် ကြိုးစားနေရကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။ ခွဲစိတ်ခန်းသုံး မျက်နှာဖုံးများ ဝတ်ဆင်ထားသော ကျန်းမာရေးဝန်ထမ်းများက လမ်းတကာလှည့်၍ ဗက်တီးရီးယားတိုက်ဖျက်ရေးအတွက် ဆေးများဖျန်းပေးနေရကြောင်း သိရသည်။

၁၉နှစ်တာ ကာလအတွင်း နိုင်ဂျီးရီးယားနိုင်ငံအတွက် အဆိုးရွားဆုံးဟုဆိုနိုင်သည့် ဝမ်းရောဂါကူးစက်မှုသည် ကင်မရွန်း၊ ချက်ဒ်နှင့် နိုင်ဂျာနိုင်ငံများသို့ပါ ပျံ့နှံ့သွားကာ လူရာပေါင်းများစွာ သေဆုံးခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံ ဂန်ဂျူဝါမြို့ရှိ ဆေးရုံဆေးခန်းများတွင် ဝမ်းရောဂါကြောင့် ရေဓာတ်ခန်းခြောက်သည့် ဝေဒနာခံစားနေရသော ကလေးများအပါအဝင် လူနာများစွာ တက်ရောက် ကုသနေကြရသည်ဟုဆိုသည်။ တဖြည်းဖြည်း များပြားလာသော လူနာများကြောင့် ဆေးရုံသုံးခုတင်များ လောက်ငမှုမရှိတော့ဘဲ စတိုခန်းများ၊ စင်္ကြံလမ်းများတွင် လူနာများကိုထားရှိ၍ ဆေးကုသပေးနေရကြောင်း သတင်းတွင်ဖော်ပြသည်။

အနောက်အာဖရိကနိုင်ငံများ၏ မြို့ကြီးများနှင့် ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေ မရှိခြင်းကြောင့် ရေနှင့်ဆက်နွယ်သော ဗက်တီးရီးယားများကြောင့် ဖြစ်ပွားသည့် ရောဂါများ အလွယ်တကူ ဖြစ်ပွားကူးစက်နေကြောင်း သိရသည်။ **အေပီ။**

အင်အားအသင့်အတင့်ငလျင် အင်ဒိုနီးရှားတွင်လှုပ်

ဂျကာတာ စက်တင်ဘာ ၁၁

ပြင်းအား ရစ်ချ်တာစကေး ၅ ဒသမ ၉ ရှိသော ငလျင်တစ်ခု အင်ဒိုနီးရှားနိုင်ငံ ပါပူဝါဒေသ၌ ယနေ့လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဘူမိရူပအေဂျင်စီက သတင်းထုတ်ပြန်သည်။

ငလျင်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၂ မိနစ်တွင် လာဘူဟာမြို့၏ အရှေ့တောင်ဘက် ၁၉၈ ကီလိုမီတာ(၁၂၃ မိုင်)အကွာတွင် ဗဟိုပြုလျက် မြေအောက်အနက် ၁၀ ကီလိုမီတာတွင် လှုပ်ရှားခဲ့ခြင်းဖြစ်ကြောင်း အေဂျင်စီ၏ သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ ဟိုတယ်တစ်ခုတွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွား

ကိုပင်ဟေဂင် စက်တင်ဘာ ၁၁

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ယိုဟန်ဆင်ဟိုတယ်တွင် အသေးစားပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ဒိန်းမတ်ရဲတပ်ဖွဲ့က ကိုပင်ဟေဂင်မြို့လယ်ကို အသွားအလာပိတ်ဆို့ခဲ့ပြီး လူတစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများတွင် ဖော်ပြထားသည်။



ဒိန်းမတ်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦး၏ အဆိုအရ ပေါက်ကွဲမှုဖြစ်ပွားရာ ဟိုတယ်အနီးရှိ ပန်းခြံတစ်ခုထဲတွင် မျက်နှာနှင့် လက်များတွင် ဒဏ်ရာအနည်းငယ်ရထားသော ပြည်ပနွယ်ဖွား အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ဒိန်းမတ်ရဲတပ်ဖွဲ့က ၎င်းသည် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဟိုတယ်ထဲမှ ထွက်ပြေးလာသူတစ်ဦးဖြစ်ဖွယ်ရှိကြောင်း ယူဆထားသည်။

မည်သည့်အကြောင်းကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ဒေသန္တရသတင်းဌာနများက ဒိန်းမတ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သူသည် အကြမ်းဖက်သမား မဟုတ်ဘဲ ရဲတပ်ဖွဲ့၏ စောင့်ကြည့်မှုခံနေရသူ တရားခံဟောင်း တစ်ဦးသာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြသော်လည်း သက်ဆိုင်ရာက အတည်မပြုပေ။

အဆိုပါအမျိုးသားကို ကိုပင်ဟေဂင်တက္ကသိုလ်ဆေးရုံသို့ လွှဲပြောင်းပေးကာ ဆေးကုသမှုပေးလျက်ရှိပြီး နောက်ပိုင်းမှသာ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဒိန်းမတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အေပီ။**

အီရန်နိုင်ငံ၌ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲ

တီဟီရန် စက်တင်ဘာ ၁၁

အီရန်နိုင်ငံအရှေ့မြောက်ပိုင်း ခိုရာဆန်ရာဇာဗီပြည်နယ် မက်ရှ်ဗာတ်မြို့အနီး စက်တင်ဘာ ၁၀ရက် ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး လူပေါင်း ၂၀ကျော် ဒဏ်ရာရရှိကြောင်း စနေနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆာရက်ဒေသရှိ ခန်ဂီရန်ရေနံချက်စက်ရုံမှ မက်ရှ်ဗာတ်မြို့သို့ ဓာတ်ငွေ့ပေးပို့သည့် ပိုက်လိုင်းအား မက်ရှ်ဗာတ်မှ ကီလိုမီတာ ၉၀ အကွာရှိ မက်စ်ဒ့ါဗန့်ဒေသတွင် မြေတူးစက်ဖြင့် မှားယွင်းထိုးမိမှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

မီးလောင်ပြင်ကြီး

ဒဏ်ရာရရှိသူများကို မက်ရှ်ဗာတ်ရှိဆေးရုံသို့ လွှဲပြောင်းပေးခဲ့သည်။ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုကြောင့် အကျယ်အဝန်း ၂၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော မီးလောင်ပြင်ကြီး ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

CHERRY OO@ Traders Hotel

Cherry Oo Watch Clinic @ Traders Hotel တွင် ROLEX(Swiss Made)

HOT LINE : (95-1) 73032971, 242828(Ext-7728), Room 728, 7th Floor, Traders Hotel, Yangon, Myanmar.

ဆေးတက္ကသိုလ် (၁) ရန်ကုန်

ကျောင်းသား ကျောင်းသူဟောင်းများ၏

Traders Hotel (Grand Ballroom)

Sedona Hotel (Pool Side)

7th Corner

Discount

Our trained and dedicated team of teachers will coach you to achieve the best results in the IGCSE/A-Level examinations.

Join Our

TOTAL Learning Academy

IGCSE

• English • Maths • Physics • Chemistry • Biology • ICT • Mandarin Chinese

AS/A Level

• English • Maths • Physics • Chemistry • Biology • ICT • Chinese • Accounting

Classes today!

Kamayut 524599 501976 514267

Open Now!

အောင်သပြေ

အမြန်ငှားမည် (သို့) အမြန်ရောင်းမည်

ဘဏ် (သို့) Super Mart ဖွင့်ရန်

အကောင်းဆုံးနေရာ . . .

✡ ကျောက်တံတားမြို့နယ်၊ ပိုလ်ချုပ်အောင်ဆန်းလမ်းမပေါ် 60' X 100' (မြေညီထပ်)

✡ မရမ်းကုန်းမြို့နယ်၊ အင်းစိန်လမ်းမပေါ် အရှေ့ဘက်လှည်း သမိုင်းလမ်းဆုံ 100' X 600' (မြေလွတ်)

ဆက်သွယ်ရန် - 09 5131189

သစ်တောသစ်ပင် ဒီဇိုင်းချစ်ခင်

အစဉ်စိုက်ပျိုး အလှတိုး

ဟာဂူဆန်၏ ဗျူဟာအမှားကြောင့် မန်ယူသရေဖြင့်သာ ကျေနပ်ခဲ့ရ

လန်ဒန် စက်တင်ဘာ ၁၁

ပရီမီယာလိဂ်ပွဲစဉ်(၄)ရဲ့ အစောပိုင်းပွဲစဉ်အဖြစ် အဲဗာတန်နဲ့ မန်ယူတို့ ဂူဒီဆင်ပတ်ခ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုးစီသရေကျခဲ့ပါတယ်။

တုံ့ပြန်ရင်ဆိုင်

မန်ယူအသင်းရဲ့လူစာရင်းမှာ ဝိန်းရွန်နေး၊ ဗလင်စီယာနဲ့ ဟာနန်ဒက်ဇ်တို့ ပါဝင်လာခြင်းမရှိဘဲ နောက်တန်းမှာ နဗီးလ်၊ ဗီဒစ်၊ အီဗန်စ်နဲ့ အီဗရာတို့ကို အထိုင်ထားပြီး ကွင်းလယ်မှာ ဂစ်ပေါလ်စခိုး၊ နာနီ၊ အိုရှီးယားနဲ့ ဖလက်ချာတို့ ပါဝင်ကာ ဘာဘာတော့ဗ်ကို အထောင်တိုက်စစ်မှူးအဖြစ်သုံးခဲ့ပါတယ်။ အိမ်ရှင်အဲဗာတန်မှာ တိုက်စစ်မှူးစစ်စစ် တစ်ဦးမှ မပါပေမယ့် အိမ်ကွင်းရလဒ်ကောင်းရေးအတွက် တင်ကာဟေးလ်၊ စတီဖင်ပီနား၊ ဖယ်လိုင်နီ၊ အာတီတာ၊ အော့စမန်၊ ဟိုင်တင်ဂါ စတဲ့ ကွင်းလယ်အင်အားနဲ့ မန်ယူကို အကောင်းဆုံး တုံ့ပြန်ရင်ဆိုင်ဖို့ ကြိုးစားလာပါတယ်။

ဒါကြောင့် အဲဗာတန်က ပွဲစတာနဲ့ မန်ယူအပေါ် စိုးမိုးပြီး ပထမပိုင်းမှာ မန်ယူဂိုးပေါက်ကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ပွဲချိန် ၃၉ မိနစ်မှာ စတီဖင်ပီနားရဲ့ ကန်သွင်းမှုနဲ့ အဲဗာတန် အဖွင့်ဂိုးရရှိခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၄၃ မိနစ်မှာ ညာခြမ်းက နာနီရဲ့ ဖြတ်တင်ဘောကို ကွင်းလယ်လူ ဖလက်ချာက ပိတ်သွင်းနိုင်ခဲ့တာကြောင့် မန်ယူတို့ ချေပဂိုး ပြန်လည်ရရှိခဲ့ပါတယ်။

ဒုတိယပိုင်းမှာ မန်ယူဟာ လျင်မြန်မှုကို အားပြုပြီး ထိုးဖောက်တိုက်စစ်ဆင်လာခဲ့တာကြောင့် ၄၈ မိနစ်မှာ ညာခြမ်းက နာနီရဲ့ ဖြတ်တင်ဘောကိုပင် ဗီဒစ်က ခေါင်းတိုက်ပြီး မန်ယူအတွက် ဒုတိယဂိုးကို ရယူနိုင်ခဲ့ပါတယ်။ မန်ယူအတွက် တတိယဂိုးကို ၆၆ မိနစ်မှာ ဘာဘာတော့ဗ်က သွင်းယူခဲ့ပေမယ့် ပွဲကစားချိန် မိနစ် ၉၀ပြည့်လို့ နာကျင်အချိန်ပို ၁ မိနစ်မှာ တင်ကာဟေးလ်နဲ့ နာကျင်အချိန်ပို ၂ မိနစ်မှာ အာတီတာတို့က အဲဗာတန်အတွက် ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် မန်ယူတို့ မမျှော်လင့်ဘဲ သရေကျခဲ့ရပါတယ်။ ဒီပွဲမှာ မန်ယူနည်းပြ ဖာဂူဆန် ဗျူဟာ အခင်းအကျင်း မှားယွင်းခဲ့တယ်လို့ သုံးသပ်ရမှာပါ။ ***အင်တာနက်။***

ဝင်းတင် (ကြေးမုံ)

အခြားပွဲစဉ်ရလဒ်များ

အာဆင်နယ်	၄-၁	ဘော်လ်တန်
ဖူလ်ဟမ်	၂-၁	ဝုလ်ဗာဟမ်တန်
မန်စီးတီး	၁-၁	ဘလက်ဘန်း
နယူးကာဆယ်	၀-၂	ဘလက်ပူးလ်
ဝက်စ်ဘရွန်း	၁-၁	စပါး
ဝက်စ်ဟမ်း	၁-၃	ချယ်လ်ဆီး
ဝီဂန်	၁-၁	ဆန်းဒါးလန်း

အဲဗာတန် အတွက် တတိယဂိုးကို အာတီတာ သွင်းယူစဉ်။

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရဲမွန်တပ်မြို့ ဘောလုံးကွင်း၌ကျင်းပရာ အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများအား တာဝန်ရှိသူများက ဆုများကိုပေးအပ်ပြီး တပ်မမှူးက ပထမဆုရရှိသည့်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ ညနေ ၄ နာရီ ၂၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)